

လူအဖြစ် လူ့ဘဝရဲ့
တန်ဖိုးကြီးမားတာ
မှန်ပေမယ့်လည်း
သာမန်နေ သာမန်စား
ဘဝတစ်ခုရဲ့တန်ဖိုးကတော့
အဖြေထုတ်မယ်ဆိုရင်

# အဖြေကတော့ သုညပါ

## လောကသစ္စာ

။ မျှဝေလိုသောစိတ်ဓာတ်ခွန်အားဖြည့်စာစုများ ။



graphic design by artist aung kyaw@2021



အမှာစကား

ဖတ်ဖူးတဲ့ စာအုပ်ကလေး တစ်အုပ်ထဲက ... အကြောင်းအရာလေး တစ်ခုကိုပဲ ကျွန်တော် စပြောပါရစေ။

"လောကကြီးမှာ မဖြစ်နိုင်တာတွေကို အများဆုံးပြောတဲ့ ပုဂ္ဂိုလ်တွေဟာ တက်ကျမ်း ဆရာတွေပဲ ... "

(၁)နှစ်အတွင်း ချမ်းသာနည်းတို့၊ (၅)နှစ်အတွင်း သူဌေးဖြစ်နည်းတို့ ဆိုတဲ့ ခေါင်းစဉ်တွေနဲ့... ပလူပျံအောင် ထွက်နေတဲ့ တက်ကျမ်းစာအုပ်တွေက...သက်သေပါပဲ။ စာအုပ်တွေကတော့ ဖတ်လို့ကောင်းပါရဲ့... ဒါပေမဲ့ အဲဒီစာအုပ်တွေထဲက အတိုင်း လိုက်နာနိုင်သူ မရှိသလောက်ပါပဲ ... ဒါကြောင့်လည်း ..."ခင်ဗျားဒိန်ခဲကို ကျုပ် နေရာ ရွှေ့ထားတယ်"... ဆိုတဲ့ မတက်ကျမ်း စာအုပ်မျိုးတွေ ထွက်လာတာပေါ့။

တကယ်တော့ လူတိုင်းနီးပါး ... ချမ်းသာချင်ကြတဲ့ လူတွေချည်းပါပဲ။

ဒါပေမဲ့ ... သူဌေးဆိုတဲ့ လူအများစုက အဲဒီ "တက်ကျမ်း" စာအုပ်တွေကို မဖတ်ကြပါဘူး ပြောင်ပြောင် ... ပြောရရင် ... သူဌေးတွေက သိပ်စာမဖတ်ကြဘူး။ ဒါကြောင့်လည်း မှျတတဲ့... ဆောင်ရန်ရှောင်ရန် ဆောင်ပုဒ်တွေကို လိုက်နာဖို့ထက် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သူ့အတွက် အမြတ်ကျန်အောင် ကြိုးစား နေကြတာပေ့ါ။

ဒါမှလည်း ... သူဌေးဖြစ်မှာလေ။

ဒီတော့လည်း "ငွေမှလွဲ၍ ဘာမှမသိသော သတ္တဝါကို သူဌေးဟုခေါ်သည်" ... ဆိုတဲ့စကား ... ခေတ်တိုင်း ခံစားနေရတာ။

ဖြတ်လမ်းလိုက်ပြီး ... သူဌေးဖြစ်သွားတဲ့သူတွေ မရှိဘူးတော့ မဟုတ်ပါဘူး၊ နေရာတိုင်း၊ နယ်ပယ်တိုင်းမှာ ရှိပါတယ်။

ဒါပေမဲ့ ဖြတ်လမ်းဆိုတာ အင်မတန်အန္တရာယ်ရှိတဲ့ ခရီးကြမ်းပါ။ အဲဒီကန္တာရထဲမှာ လမ်းပျောက်သွားတဲ့ လူတွေ၊ ကျရှုံးသွားကြတဲ့ လူတွေ၊ အများကြီး။

ဒါဖြတ်လမ်းသဘာဝပဲ။ "သေရင်မြေကြီး ... ရှင်ရင်ရွှေထီး" အဲသလို ရည်ရွယ်ချက်တွေနဲ့ ဖြတ်လမ်းလိုက်တဲ့ သူတိုင်း ပန်းတိုင်ရောက်တဲ့သူ နည်းပါးတယ်။

ဒါတောင် ... လူတွေက ဖြတ်လမ်းလိုက်တဲ့ သူကများနေတာပဲ။ "အရင်လို ... လမ်းအိုလိုက်" ဆိုတဲ့ ရှေးစကားကိုလည်း မေ့လျော့နေကြတယ်။

ဒါကြောင့်လည်း ... သူဌေးဆိုတာ ရှားပါးကုန်တစ်ခုလို ဖြစ်နေတာ ... ။

အဲဒီတော့ လူတွေအများစုက ချမ်းသာတယ်ဆိုတာ ကံကောင်းတဲ့သူတွေအတွက် ... ဆိုပြီးကံကို ပုံချလိုက်ပါလေရော။

လူဆိုတာ အနည်းနဲ့အများ ဆိုသလို ကိုယ့်ကိုယ်ကိုယ်တည်ဆောက် နေ

ကြသူတွေချည်း ပဲလေ။

မှန်မှန်ကန်ကန် တည်ဆောက်သူနဲ့ မမှန်မကန် တည်ဆောက်သူကတော့ ကွာတာပေါ့။

ဘယ်လိုပဲ ... မမှန်မကန် တည်ဆောက်ခဲ့ ... တည်ဆောက်ခဲ့ အောင်မြင်မှု ရလာရင်တော့ ဘယ်လို ရိုးသားကြိုးစားခဲ့ရတယ် ဘာညာပေါ့ အဲသလို စကားလုံးတွေကို ကရားရေလွှတ် ပြောပြီး ဩဝါဒခြွေတော့တာပဲ။

ဒါပေမဲ့ "ကြောင် ကြာကြာ ရေမငုပ်နိုင်ဘူး" ဆိုသလို အချိန်တန်တော့ လည်း... ဘူးပေါ်သလို ပေါ်တော့တာပါဘဲ ... (သူက ဘာလုပ်ပြီး ကြီးပွား တာတို့... ညာလုပ်ပြီး ကြီးပွားတာတို့ အဲသလိုမျိုး)

တကယ်တော့ ဘဝကို မှန်မှန်ကန်ကန် တည်ဆောက်ပြီး ရိုးသားစွာ ရပ်တည်နေကြတဲ့ သူတွေလည်း ရှိပါတယ်။

မမှန်တာလုပ်သူတွေရဲ့နောက်မှာ မဟုတ်တာလုပ်တဲ့ သူတွေ ရှိနေသလို ... မှန်တာလုပ်တဲ့ လူတွေရဲ့နောက်မှာ ဟုတ်တာလုပ်တဲ့လူတွေ ရှိနေမှာ အမှန် ပဲ ...။

ဒါ ... နိယာမပဲ ...။

ဒါပေမဲ့ ကိုယ့်လမ်းကြောင်းပေါ်မှာ ဘယ်လောက်ပဲ မှန်မှန်ကန်ကန် လျှောက်လှမ်းနေပါစေ ... ခြေထိုးခံမယ့် သူတို့ ဖျက်လိုဖျက်ဆီး... လုပ်မယ့် သူ မကောင်းပြောမယ့် သူတွေကတော့ နယ်ပယ်တိုင်းမှာ ရှိနေမှာပါ ...။

ဘဝရဲ့ ကိုယ့်ရည်မှန်းချက်ထားတဲ့ ပန်းတိုင်ကိုရောက်ဖို့ အတွက် ဒါမျိုး တွေကို ကြံ့ကြံ့ခံနိုင်မယ့် သတ္တိတော့ ရှိဖို့လိုပါတယ်။

ဒါကြောင့် ... ကျွန်တော်ရေးတာ တက်ကျမ်းမဟုတ်ပါဘူး ချမ်းသာအောင် လည်း မန်းမှုတ်မပေးနိုင်ပါဘူး။

ထိပေါက်သူတွေ၊ ကောက်ရသူတွေ၊ အမွေရသူတွေ ... ဒါမှမဟုတ် တစ်နည်းနည်းနဲ့ အချိုကြီးရထားတဲ့ သူတွေတောင် နည်းလမ်းမကောင်းရင် ထီးထမ်းရောင်းရတဲ့ ဘဝမျိုး ရောက်တတ်ပါတယ် ... ဒါကြောင့် နည်းလမ်းလေး ပေးထားတာပါ ...။

မေ့လျော့နေခဲ့ရင်လည်း သတိပေးတာပါ ...။

လိုချင်ရင်ယူပါ။

မလိုချင်ရင်တော့လည်းသဘောပါပဲ။

အပျင်းပြေလေး ဖတ်ပေးတယ် ဆိုရင်ပဲ ကျေးဇူးတင်ပါတယ်။

**ချစ်ခြင်းအားဖြင့်**

**လောကသစ္စာ**

**၀၉၇၉၈၃၁၅၈၈၂**

***

## စေတနာစကား

ကျွန်တော် လဲကျခဲ့ဖူးပါတယ်။ လဲကျတာမှ စုတ်ပြတ်သွား အောင်ဖြစ်ခဲ့တာ ... ။ ဒါပေမဲ့ ...

ဒီ ... အဆိုအမိန့်တွေ၊ ဒီ ... ဒဿနတွေကို ဖတ်ပြီး ခွန်အားတွေနဲ့ ဘဝကို ပြန်ထခဲ့ရတာပါ။ ဒါကြောင့်လည်း ကျွန်တော့်လိုမျိုးဘဝ မဖြစ်စေချင်တဲ့ စေတနာနဲ့ မျှဝေတာပါ။ လဲကျတယ်ဆိုတာ ... ကိုယ့်အားနည်းချက်၊ ကိုယ့်လိုအပ်ချက် ... ကိုယ့်ရဲ့လွဲမှားမှု တစ်ခုခုကြောင့်ပါ။

ပြန်မထရင်တော့ ကျရှုံးသွားမှာပါပဲ။

မကြောက်ပါနဲ့မိတ်ဆွေ ... လူတိုင်းလည်း လဲကျဖူးတယ်။

ဒါကြောင့်

လဲကျရင် ... ပြန်ထ ... မရ ရအောင်ပြန်ထ။

ကုန်း ... ရုန်း ... ထ ...

လုံးဝ ... မလျှော့နဲ့

**ချစ်ခြင်းအားဖြင့်**

**လောကသစ္စာ**

***

လောကမှာ လူတွေဟာ

နှုတ်ကတော့

ဘယ်လို ဘယ်ညာနဲ့

ကြီးကြီးကျယ်ကျယ်တွေ

ပြောနေကြပေမဲ့

လူအများစုကတော့

နောက်ဆုံးမှာ

သုညနဲ့ညားသွားကြတာ

များပါတယ်။



အဖြေကတော့ သုညပါ

ကျွန်တော်တို့ လူတွေဟာ မသေခင်ကလေးမှာ မိမိတို့ရဲ့ ဘဝအရေးကို တော့ အများကြီး ပူပင်တွေးတော တတ်ကြပါတယ်။ လူအဖြစ်ရရှိလာတဲ့

လူ့ဘဝရဲ့တန်ဖိုးဟာ ကြီးမားတာ မှန်ပေမဲ့လည်း သာမန်နေ၊ သာမန်စား ဘဝတစ်ခုရဲ့ တန်ဖိုးကတော့ သုညလိုပဲ အဖြေရမှာ သေချာပါတယ်။

ဒီလို အနေအစား ဘဝရဲ့ အဖြေက ဘာလဲလို့ မေးရင်တော့ သုညကိုပဲ ဆွဲထုတ်ပြရတော့ မှာပေါ့။ ဟုတ်ပါတယ်။ လူတွေဟာ ပါးစပ်ကသာ ဘယ်လိုလုပ်မယ် ဘယ်လို ကြီးပွားအောင်မြင်မယ်။ ဘယ်လို ချမ်းသာမယ် ဆိုပြီး ကြီးကြီးကျယ်ကျယ်တွေ ဘယ်လောက်ပဲ ကြွေးကြော်နေခဲ့ကြပေမဲ့ တကယ်လက်တွေ့ လုပ်ရပ်တွေက အင်အားမပါ သာမန်နေ သာမန်စား ဖြစ်နေကြတော့လည်း နောက်ဆုံးမှာ သုညနဲ့ ညားသွားကြတာပါပဲ။

အတွေးအမြင် ကြိုးစားမှုက သုညဖြစ်နေမှတော့ ဘဝရဲ့ ရလဒ်ဟာလည်း သုညကလွဲလို့ ဘာမှ ဖြစ်လာဖို့ မရှိပါဘူး။ လူတွေဟာ ဘဝ အနည်ထိုင်သွားချိန် အသက်အရွယ် ရလာချိန်မှာ ဒီအနည်အနှစ် အညစ်အကြေးဆိုတဲ့ မထူးခြားဘဝတွေနဲ့ ကျန်ရစ်ခဲ့ဖို့ ခုချိန်မှာ အပေါ်ယံ ခံစားမှုတွေနဲ့သာ ပျော်ပျော်ပါးပါးနဲ့ ပေ့ါပေ့ါပါးပါး နေကြတာများပါတယ်။

မေးကြည့်လိုက်ရင်တော့ ဆင်ဖမ်းမယ် ကျားဖမ်းမယ်နဲ့ ကမ္ဘာကြီးကိုဝယ်ဖို့ စရန် ပေးထားသလိုလို အကြီးကြီးတွေ ပြောနေကြတာ ပြီးတော့လည်း ပေ့ါပေ့ါပါးပါး ပျော်နေကြတာပဲ မေ့မေ့လျော့လျော့ကို ပျော်နေကြတာပဲ။ အာရုံအမျိုးမျိုးကို ခံစားရင်း ကိုယ့်ရည်ရွယ်ချက် ကိုယ့်ပန်းတိုင်အတွက် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေလုပ်ဖို့ သတိက မရတစ်ချက် ရတစ်ချက် ဆိုသလို ဖြစ်နေကြတာ အခက်အခဲလေးကြုံလိုက် လက်ထဲငွေလေး ကုန်လိုက်၊ ဘဝဆိုတဲ့ ရည်မှန်းချက်ကြီးဆီ ပြန်သွားလိုက်၊ အဲဒီလို သတိရလို့ ကြိုးစားမလား ကြည့်လိုက်၊ အပျော်အပါး သာမန်ဘဝ ခံစားမှုလောက်ကို အရာရောက်အောင် မကြိုးစားဖြစ်တာ။

ဒါကြောင့်လည်း အောင်မြင်မှုဆိုတာ လူအတော်များများနဲ့ အလှမ်းဝေး

နေကြတာ၊ တကယ်အောင်မြင်ရေး လမ်းကြောင်း ဆိုတာကို လုပ်သူ၊ ကျင့်သူ၊ လိုက်နာသူက ခပ်ရှားရှားပါ။ ကြိုးစားမှုက အရာမရောက်သေးဘူး။ ဝတ်ဖို့၊ စားဖို့၊ နေဖို့၊ ပျော်ဖို့၊ ပါးဖို့၊ ပျင်းဖို့လောက်နဲ့ ရောင့်ရဲတင်းတိမ် နေမိကြတယ်။ ရလာတဲ့ လူ့ဘဝကို ရတုန်း ဘဝအောင်မြင် တိုးတက်အောင် ကြိုးစား အားထုတ်မှုတွေ၊ သူများနဲ့ လူတန်းစားဘဝ နေထိုင်ရေးတွေ အတွက် ကြိုးစားဖို့၊ မေ့နေတယ် ဆိုရင်တော့ ပြီးပါလေရောပေ့ါဗျာ။

ဒီလိုနဲ့သာ အချိန်တွေ ကုန်သွားခဲ့မယ် ဆိုရင်တော့ မေးမနေနဲ့တော့ အဖြေကတော့ သုညပါပဲ။

နောက်ဆုံး ဘဝဇာတ်သိမ်းဟာ သုညနဲ့ပဲ ညားတော့မှာပါပဲပေ့ါ။

ဟုတ်ဖူးလား။

***

ယုံကြည်ရာလမ်းကြောင်းကို

စလျှောက်ခဲ့တဲ့အချိန်တုန်းက

အရမ်းကြီး ပြည့်စုံနေလို့

မဟုတ်ပါဘူး။

သူတို့မှာရှိနေတဲ့

ပညာသတ္တိတွေနဲ့

စိတ်ခေါ်မှုတွေ လုပ်ခဲ့ကြတာပါ။



လွယ်လွယ်နဲ့တော့ မရဘူးပေါ့

တစ်နေ့တော့ သူငယ်ချင်းတစ်ယောက်က "အိပ်မက်တွေ မြေမြှုပ်လိုက်ရတော့မယ် ထင်တယ်" လို့ ပြောလာတယ်။ ဒီလိုပဲ လူတိုင်းမှာလည်း ရိုက်ချိုးခံလိုက်ရတဲ့ အိပ်မက်တွေ စွန့်ပစ်ခံရတဲ့ မျှော်လင့်ချက်တွေ မမြင်ရလိုက်တဲ့ အောင်မြင်မှုတွေက ကိုယ်စီ ရှိကြပါတယ်။ မဖြစ်မြောက်တဲ့ အရာတွေက

တစ်ခုပြီးတစ်ခု ဖြစ် လာတော့ ကိုယ်တိုင် နားလည်သွားတဲ့အရာက ဘယ် အရာမှ လွယ်လွယ်တော့ မရနိုင်ဘူး ဆိုတာပါပဲ။ လွယ်လွယ်နဲ့မရဘူး ဆိုလို့ စွန့်လွှတ် လိုက်တာမျိုး ဆိုရင်တော့ နယ်ပယ်အသီးသီးမှာ အောင်မြင်သူ တွေဆိုတာ ရှိလာနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ပြန်လည်နိုးထပြီး ရှေ့ဆက်ဖို့ရန်အတွက် စိတ်ခွန်အားလေးတွေ ပေးလိုက်ပါတယ်။



၁။ အဓိပ္ပာယ်မဲ့တဲ့ မျှော်လင့်ချက်တွေ

အရင်ဆုံး ကိုယ့်ကိုယ်ကိုယ် သတိပေးရမယ့်အရာက ကြိုးစားအားထုတ်မှု လုံလုံ လောက်လောက် မပေးဘဲ မျှော်လင့်မိနေလား ဆိုတာပါ။ ဂီတာတော့ တီးတတ်ချင်တယ်။ လပေါင်း များစွာ လက်အနာခံပြီး လေ့ကျင့်ဖို့တော့ မ လုပ်ချင်ဘူး။ ပညာရပ်တစ်ခုခုကို ပိုင်ဆိုင်ချင်တယ်။ အချိန် လုံလုံလောက် လောက် ပေးပြီး ထဲထဲဝင်ဝင် လေ့လာဖို့ လုံ့လ မရှိဘူး စသည်ဖြင့် အားထုတ်မှု မရှိဘဲ မျှော်လင့်ချက်သက်သက် ဖြစ်နေခြင်းတွေက အချိန်ကြာ ကြာ ကိုယ့်မှာ ရှိနေတတ်ပါတယ်။ မျှော်လင့်ချက်သာသာပဲ ဆိုရင် ဖြစ်လာဖို့ လမ်းစမရှိနိုင်ပါဘူး။ ကိုယ့်အနေနဲ့ ဒီအရာကို တကယ်ပဲ ရယူချင်လား။ တကယ်ပဲ တတ်မြောက်ချင်လား။ ဘယ်ကစသင့်လဲ။ ဒါဆိုရင် ဘာလုပ်သင့် လဲ ဆိုတာတွေကို ပြန်ဆန်းစစ်ပြီး မျှော်လင့်ချက်နဲ့ ထိုက်တန်မယ့်

လက်တွေ့လုပ်ဆောင်မှုတွေ ကိုတော့ ရှိဖို့လိုပါတယ်။

၂။ တစ်ခုခုတော့ ထူးချွန်မှာပါ

ကိုယ်နဲ့ ကိုက်ညီတဲ့အရာကို တွေ့ဖို့တော့ လူငယ်အများ စုအတွက် အချိန်တော်တော်ကြာ ပေးရပါတယ်။ ကိုက်ညီတဲ့အရာ ကို မတွေ့သေးတဲ့ အတော်အတွင်းမှာတော့ ကြိုးစားလိုက် ကျရှုံး လိုက် ဖြစ်နေဦးမှာ အသေအချာပါပဲ။ ကိုယ့်အနေနဲ့ လမ်းတစ် ဝက်မှာ စိတ်ပျက်သွားပြီး တော်ပြီကွာ ဒီလောက်နဲ့ပဲ ကျေနပ် နေလိုက်တော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ရင်တော့ မချစ်တဲ့ အရာနဲ့ပဲ အချိန်ကြာကြာ အသက်ဆက်ရမှာ ဖြစ်ပါတယ်။



တကယ်တမ်းဆို တစ်ခုပြီးတစ်ခု ကျရှုံးရခြင်းတွေက ကိုယ်ဘာလိုအပ်လဲ၊ ဘာလုပ်ချင်လဲ၊ ကိုယ့်ကိုယ်ကိုယ် ပိုပြီးမြင်လာနိုင်သလို ကိုယ့်ဘဝကို ပိုပြီးနားလည်လာတယ်။ ရလဒ်တွေ အတွေ့အကြုံတွေကနေ တစ်ဆင့် ရှေ့လာမယ့် အချိန်တွေမှာ ပြန်ပြီး အသုံးချနိုင်ပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့ အားသာချက်ကို မတွေ့ခင် တစ်ခုမဟုတ်ရင် နောက်တစ်ခု ကြိုးစားကြည့်ပါ။ သင်ယူနေပါ။ ကိုယ့်အားသာချက်ကို ရှာပါ။ ရှာတွေ့ရင် အားသာချက်အပေါ် ထူးချွန်မှု ဖြစ်လာစေဖို့ ကြိုးစား အားထုတ်မှုတွေ ပေါင်းထည့်ပါနော်။



၃။ အရည်အသွေး မရှိဘူးလို့ မပြောနဲ့

ယုံယုံကြည်ကြည်နဲ့ လျှောက်လှမ်းနေတဲ့ အရာက အောင်မြင်ဖို့ နှောင့်နှေးနေလို့ စိတ်ပျက်မိနေလား။ ငါ့မှာ ဒါလုပ်ဖို့ အရည်အသွေး (Talent) ပါမလားဘူးဆိုပြီး လက်လျှော့ချင် ပြီလား။ ဒါဆိုရင် တစ်ခုလောက်တော့ မေးပါရစေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ Talent ရှိတယ်ဆိုပြီး အဲ့သည် Talent နဲ့ သေတဲ့အထိ အသက် မွေးတဲ့သူတွေက ဘယ်လောက်များ ရှိနေလဲ၊ အဆိုပိုင်းမှာ Talent ပါလာတယ်ဆိုပြီး အဆိုတော် မဟုတ်တဲ့သူတွေ အများကြီးပါ။ စီးပွားရေးလုပ်တဲ့ နေရာမှာ Talent ရှိတယ်ဆိုပြီး ကုမ္ပဏီ တစ်ခုခုအောက်မှာ ဝန်ထမ်းဘဝနဲ့ ကုန်ဆုံးသွားတာ မျိုးလည်း အများကြီးပါ။ လက်တွေ့ဘဝမှာတော့ အောင်မြင်သူတွေရဲ့ နောက်ကွယ်ကနေ တစ်ချိန်လုံး တွန်းပို့နေခဲ့တဲ့ အရာက သူတို့ရဲ့ ဇွဲရှိခြင်း ဖြစ်ပါတယ်။

Talent ရှိနေခြင်းက ဆုလဒ်တစ်ခုပါ။ ဒါပေမဲ့ ဇွဲလုံ့လသာ မရှိရင် Talent is nothing သုံးလို့မရနိုင်ပါဘူး။ နောက်တစ်ခုက Talent ဆိုတာက အကြိမ်ကြိမ် လေ့ကျင့်ခြင်းလို့ ဆရာ တစ်ယောက်က သင်ပြပေးခဲ့ဖူးပါတယ်။ ဒါကြောင့် ခုအချိန် ဘာမှ ဖြစ်မလာသေးရင် အရင်ထက်ပိုပြီး အားစိုက်ပါ။ အချိန်ပေးနိုင်ဖို့ ကြိုးစားပါ။ ဇွဲရှိပါ။ ကိုယ်အချိန်ပေး

အားထုတ် လုပ်ဆောင်တဲ့ အရာတွေက တစ်ချိန်မှာ ကိုယ့်ရဲ့ ကိုယ်ပိုင် အရည်အချင်းတွေ ဖြစ်လာနိုင်ပါတယ်။

၄။ မရှက်ပါနဲ့

"အကယ်၍ ငါသာ ကျရှုံးခဲ့ရင် လူတွေ ရီနေမှာ" ဆိုပြီး မကြိုးစားကြည့်ဘဲ လူတွေ အပြောခံရမှာကို ကြောက်နေတာမျိုး ရှက်နေတာမျိုးစတဲ့ အစိုးမိုးခံ နေရတဲ့ အိပ်မက်မျိုးတွေလည်း လူငယ်တချို့မှာ ရှိကြပါလိမ့်မယ်။



မိမိကိုယ်ကိုယ် ယုံကြည်မှု အားနည်းတဲ့လူတွေ၊ အရည်အချင်း ရှိနေရဲ့ သားနဲ့ မလုံလောက်သေးဘူးလို့ ခံစားနေရတဲ့သူတွေမှာ များသောအားဖြင့် တွေ့ရပါတယ်။ တကယ်တော့ အောင်မြင်သူ အများစုမှာလည်း ယုံကြည်ရာ လမ်းကြောင်းကို စလျှောက်ခဲ့တဲ့ အချိန်တုန်းက အရမ်းကြီး ပြည့်စုံနေလို့ မဟုတ်ပါဘူး။ သူတို့မှာရှိနေတဲ့ ပညာသတ္တိတွေနဲ့ စိန်ခေါ်မှုတွေ လုပ်ခဲ့ကြ တာပါ။ ဒါကြောင့် ကျရှုံးမှာ မကြောက်ပါနဲ့။ လူတွေ အပြောခံရမှာ မရှက်ပါ နဲ့။ ကိုယ့်လမ်းကိုယ် ဖောက်ပြီး တစိုက်မတ်မတ်နဲ့ ရဲရဲဝံ့ဝံ့ ကြိုးစားသွားဖို့ သာ အာရုံစိုက်ပါ။



***